# Highlights from DVB Debate's Burmese Bureaucracy Show

## 27 June 2015

## "How to cut Burmese Bureaucracy?"

"ကျနော်တို့ ၂၀၀၁ ခုနှစ်ကတည်းက E-Government လုပ်လာပါတယ်။
အခြေခံအဆောက်အဦပိုင်းအားနည်းတာရော..လူအင်အား အားနည်းတဲ့ အခက်အခဲတွေရှိပါတယ်။
ဝန်ထမ်းတွေအနေနဲ့လည်း အိုင်တီပိုင်းဆောင်ရွက်တဲ့အခါ အလုပ်သဘာဝမတူတော့ အခက်အခဲရှိပါတယ်။
တချို့ကျပြန်တော့လည်း ကွန်ပျူတာနဲ့ လျှောက်ထားဖို့ပြောပေမယ့် ရုံးကိုပဲလာပြီး
ကိုယ်တိုင်လာလျှောက်ချင်တာတွေ ရှိတယ်လေ"

ဦးဝင်းမြင့် - ညွှန်ကြားရေးမှူး၊
ကုန်သွယ်မှုမြှင့်တင်နှင့်စားသုံးသူရေးရာဦးစီးဌာန(စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

---

"အုပ်ချုပ်ရေးယန္တရားကဏ္ဍရော အိုင်စီတီကဏ္ဍမှာပါ လူတယောက်တက်လာရင် တမျိုးပြောင်းသွားတယ်။
ကျမအမြင်ကတော့ ဗျူရိုကရေစီစနစ်ကို လုံးဝဖျက်လို့တော့ ပြောလို့မရဘူး ဒါ လက်တွေ့မကျဘူး။ အစိုးရရဲ့
လုပ်ငန်းဆောင်တာတွေကို ပြန်ပြီး စနစ်တကျ ပြန်တည်ဆောက်တာ လုပ်ဖို့ပေါ့"

ဒေါ်ချောခင်ခင် - MCC ဂရုကုမ္ပဏီလီမိတက် အမှုဆောင်အရာရှိချုပ်

---

"အုပ်ချုပ်ရေးယန္တရားမှာ ပါဝင်နေသူအားလုံးက သူတို့အလုပ် သူတို့ စ၊လယ်၊ဆုံး
တတ်သိနားလည်နေဖို့လိုတယ်။ ပြည်သူကိုချပြရမယ် ဒီဌာနသွားရင် ဒါလုပ်မယ်ဆိုရင် အချက် ၅ ချက်ဆိုလည်း
၅ ချက် လိုအပ်ချက်တွေရှိတယ်။ ဒါတွေပြည့်စုံအောင်လုပ်ခဲ့။ တော်ကြာနေ ၅ ချက်ကနေ ၆ချက်ဖြစ်သွားတာမျိုး
ခုတမျိုးတော်ကြာတမျိုး ပြောင်းလဲနေရင်တော့ အဆင်မပြေဘူး။ ပြည်သူတွေမှာလည်း
ပွဲစားနဲ့လုပ်ရင်ပြီးတာပဲဆိုတဲ့ အမြင်မျိုးရှိနေကြတယ်။ ဒါလည်း ပြောင်းလဲဖို့လိုတယ်။"

ဦးအေးလွင် - စီးပွားရေးလုပ်ငန်းရှင်

---

"ကျနော်တို့ဆီမှာက အရပ်ဖက် ဗျူရိုကရေစီစနစ်နဲ့ စစ်တပ်ကနေ အရပ်ဖက်ပြောင်းလာကြသူတွေရဲ့
ဗျူရိုကရေစီဆိုပြီး ရှိတယ်။ အရပ်ဖက်မှာ စစ်တပ်ဖက်ကရောက်လာတဲ့ အုပ်ချုပ်မှုတွေ ပိုများလာတယ်။ ဒီတော့
အထက်ကလာတဲ့အမိန့်စနစ်(Top Down) က အသားကျနေပြီ"

ဦးသန်းစိုး(ဘောဂဗေဒ) - စာရေးဆရာ၊ ဆောင်းပါးရှင်

---

"ဗျူရိုကရေစီ ယန္တရားမှာ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ စွက်ဖက်တွေက ကြီးတယ်။
ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုလုပ်ရတဲ့ ရပ်ကျေးအဆင့်တွေမှာ အရင်က အိုင်စီအက်စ်အရာရှိတွေနေရာမှာ အခုက

DSA သင်တန်းဆင်းတွေကနေရာယူထားတယ်။ အဲဒီ ရပ်ကျေး၊ မြို့နယ်နဲ့ ခရိုင်အုပ်တွေက ပြည်ထဲရေးက သူတို့ဟာ အထက်ကအမိန့်ကိုပဲနာခံတယ် ဒါဟာ နေသားကျနေပြီ။”

ဦးရှိန်းထွန်း - ချင်းတိုးတက်ရေးပါတီ အထွေထွေအတွင်းရေးမှူး